M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်းထိပ်သို့

## 6 အိမ်ပြောင်းရွှေ့ခြင်း၊ ထွက်ခွာခြင်း

အိမ်သစ်သို့ ပြောင်းရွှေ့၊ ထွက်ခွာလျှင် ရှေးဦးစွာပြောင်းရွှေ့မည့်နေ့သတ်မှတ်ပြီးလျှင် အိမ်ရှင်သို့အကြောင်းကြားရမည်။ ပြောင်းရွှေ့ခြင်းသည် သာမန်အားဖြင့် အိမ်အပြောင်းအရွှေ့ဂန်ဆောင်မှုလုပ်ငန်းကို အသုံးပြုနိုင်သည်။ လျှပ်စစ်၊ ဂတ်စ် စသည့် စာရင်းပိတ်ခြင်းများကို မမေ့မလျော့လုပ်ဆောင်ရန်နှင့် ပြန်အပ်သောအခန်းကို သန့်ရှင်းရေးလုပ်ပြီး အမှိုက်များကို အခန်းထဲတွင် မထားခဲ့ရန်။

### 6-1 အိမ်ပြောင်းရွှေ့ရန်ပြင်ဆင်ခြင်း

#### (1) အိမ်ရှင်သို့အကြောင်းကြားခြင်း

စာချုပ်တွင်ရေးထားသောကာလအတွင်း (သာမန် တစ်လ၊ နှစ်လကြိုတင်၍) တွင် အိမ်ရှင်သို့ စာချုပ်ပယ်ဖျက်ကြောင်း အကြောင်းကြားရမည်။

#### (2) အိမ်ပြောင်းရွှေ့နည်းများ စဉ်းစားပုံ

ဂျပန်နိုင်ငံတွင် အိမ်အပြောင်းအရွှေ့ဂန်ဆောင်မှုလုပ်ငန်းများစွာရှိသည်။ အိမ်အပြောင်းအရွှေ့လုပ်ငန်းများအပြင် ပစ္စည်းများကို ပို့ဆောင်ပေးသောလုပ်ငန်းများသည်လည်း အိမ်အပြောင်းအရွှေ့ကို လက်ခံဆောင်ရွက်ပေးသည်။ ဈေးနှုန်းသည် ပစ္စည်းအလေးချိန်၊ အကွာအဝေး၊ ပစ္စည်းထုတ်ပိုးချိန်မှ ပစ္စည်းပို့ဆောင်ပေးသည်အထိ အားလုံးကို လုပ်ဆောင်ပေးသော ဂန်ဆောင်မှုကွဲပြားသည့်အတွက် ယင်းတို့၏ လက်ရှိပေါက်ဈေးမေးမြန်းပြီး၊ ကုန်ကျစရိတ်၊ ဂန်ဆောင်မှုအကြောင်းအရာတို့ကို သေချာစေပြီးမှ မိမိဆန္ဒနှင့် ကိုက်ညီသောလုပ်ငန်းကိုရွေးချယ်ကြပါစို့။
ထိုပြင့် အသိမိတ်ဆွေ၏ကား(သို့) အငှားကားငှားရမ်းပြီး မိမိကိုယ်တိုင် အိမ်ပြောင်းရွှေ့နိုင်သည်။

#### (3) လျှပ်စစ်၊ ဂတ်စ်၊ ရေဂန်ဆောင်မှု ရပ်ဆိုင်းခြင်း

အိမ်မပြောင်းရွှေ့ခင် နှစ်ရက်၊ သုံးရက်အလိုတွင် အကြောင်းကြားကြပါစို့။

| | လျှပ်စစ် | ဂတ်စ် | ရေ |
|---|---|---|---|
| **မည်သည့်အချိန်တွင်** | အိမ်မပြောင်းခင် ၂ရက်၊ ၃ရက်အလို | အိမ်မပြောင်းခင် ၂ရက်၊ ၃ရက်အလို | အိမ်မပြောင်းခင် ၂ရက်၊ ၃ရက်အလို |
| **မည်သည့်နေရာသို့ အကြောင်းကြားမည်** | အနီးရှိ လျှပ်စစ်ကုမ္ပဏီရုံးသို့ အသိပေးသည်။ | အနီးရှိ ဂတ်စ်ကုမ္ပဏီရုံးသို့ အသိပေးသည်။ | နေထိုင်လျှက်ရှိသော မြို့နယ်ရုံးရေဌာန၊ အနီးရှိရေရုံးဌာနသို့ အသိပေးသည်။ |
| **မည်ကဲ့သို့လုပ်ဆောင်ရန်** | အိမ်ပြောင်းသောနေ့တွင် တာဝန်ခံလာပြီး လျှပ်စစ်ကိုရပ်ဆိုင်းပြီး ငွေရက်အထိကျသင့်ငွေကို တွက်ချက်ပေးသည်။ | အိမ်ပြောင်းသောနေ့တွင် တာဝန်ခံလာပြီး ဂတ်စ်ကိုရပ်ဆိုင်းပြီး ငွေရက်အထိကျသင့်ငွေကို တွက်ချက်ပေးသည်။ | အိမ်ပြောင်းသောနေ့တွင် တာဝန်ခံလာပြီး ရေပိုက်ခေါင်းကိုပိတ်ပြီး ငွေရက်အထိကျသင့်ငွေကို တွက်ချက်ပေးသည်။ |